**2024 International Chinese-speaking Conference အတွက် အဓိကသော့ချက်များ**

၂တိမောသေ ၄း၇ တွင် ဖွင့်ပြထားသည့်အတိုင်းတွင် သင့်လျော်မှန်ကန်သည့် ခရစ်ယာန်အသက်တာသည်
သုံးဆသောအသက်တာ ဖြစ်သည် - ယင်း၌ ကောင်းသောတိုက်လှန်ခြင်းကို ပြုခြင်း၊ ပြေးလမ်းကို ပြေး၍
အဆုံးတိုင်ပြေးခြင်းနှင့် ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်းတို့ ပါဝင်သည်။

ဓမ္မသစ်ကျမ်း၌ ယုံကြည်ခြင်းသည် အပြင်ပိုင်းဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာနှစ်ခုလုံးဖြစ်သည်။
အပြင်ပိုင်းယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အတွင်းကျကျအရာကို ရည်ညွှန်းပြီး၊
အတွင်းကျသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ ယုံကြည်လက်ခံခြင်းအပြုအမူနှင့် သက်ဆိုင်သည်။

ခရစ်တော်ကို ကျွန်ုပ်တို့၏ နိုင်ငံတော်ဆုလာဘ်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည်
သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်ရမည်၊ ယင်းမှာ ယနေ့ ကျွန်ုပ်တို့ထံသို့
ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းနှင့် ထင်ရှားပေါ်လွင်ခြင်းဖြစ်ကာ၊
ကိုယ်တော်၏ ဒုတိယကြွလာခြင်း၌ ကိုယ်တော်၏လူများနှင့်အတူ ရှိမည့် ကိုယ်တော်၏မျက်မှောက်တော်ဖြစ်ပြီး၊
ယင်းသည် ခရစ်တော်၏ သတို့သမီးအဖြစ် စေ့စပ်ထုံးဖွဲ့ရန် အသက်၌ စောင့်ကြည့်သတိရှိနေခြင်းနှင့် အစေခံခြင်း၌
သစ္စာရှိခြင်း၏ တင်းကျပ်ကျဉ်းမြောင်းသောလမ်းပေါ်မှာ နေခြင်းအားဖြင့် ဖြစ်သည်။

သခင်ဘုရား ပြန်ကြွလာသောအခါ ယုံကြည်ခြင်းသည် အကြောင်းရင်းမှန်များအဖြစ်သို့ ပြောင်းသွားလိမ့်မည်၊
ချီးမွမ်းခြင်းသည် ဆုတောင်းခြင်းကို အစားထိုးလိမ့်မည်။ ချစ်ခြင်းမေတ္တာသည် အရိပ်မဲ့စုံလင်ခြင်း၌
ပြီးမြောက်ပြည့်စုံကာ၊ ကျွန်ုပ်တို့သည် အပြစ်မဲ့နယ်ပယ်၌ ကိုယ်တော်ကို အစေခံကြလိမ့်မည်။
ထိုနေ့ရက်သည် မည်သို့သော နေ့ရက်ဖြစ်ပါမည်တကား။ သခင်ယေရှု၊ အလျင်အမြန် ကြွလာတော်မူပါ။

*© 2024 Living Stream Ministry*

# 2024 International Chinese-speaking Conference
## Key Statements




36
B A E 1. F♯m B E
ပင် ဖြစ်-၍ ကိုယ်တော် ဒု - တိ ယ ကြွ လာ-ခြင်း၌ မျက် မှောက်-တော်ပင် ဖြစ် (ဒုတိ
41
2. B E G♯m C♯m G♯m
ယ - ကြွ လာ ခြင်း ၌ တင်း-ကျပ်သောလမ်း၌ - နေ-ခြင်းဖြင့် (တင်း-ကျပ်-သော လမ်း) အ
47
A E 1. F♯m F♯7 B 2. A
သက် - ၌ စောင့်-ကြည့်လျက် စေ ခံ ခြင်း - ၌ သ စ္စာ - ရှိ လျက် (သ စ္စာ ရှိ
52
G♯m C♯m A B E
စေ - ခံ) ခရစ် တော် ၏-သ - တို့ သ မီးဖြစ် ထုံး ဖွဲ့။ 4) သခင် ပြန် ကြွ လာ-လျှင်
58
B C♯m B E B
ယုံကြည်ခြင်းကြောင်းရင်းမှန် သို့ ချီး မွမ်းခြင်း-ဆု တောင်း ခြင်း ချစ် ခြင်း-သည် - အ ရိပ် မဲ့
63
A B A E F♯m B
စုံ - လင်-ခြင်း သို့ - ပြောင်း - လဲ ကာ၊ ပြစ် မဲ့ နယ် ပယ် ၌ ကိုယ် တော် - ကို စေ-
68
E 1. A E F♯7 B
ခံ။ အံ့ဖွယ် နေ့ ပါ တ ကား။ သခင် ယေ - ရှု ကြွ လာ ပါ။ (နေ့
73
2. A G♯m C♯m F♯m7 B7 E
ရက် ပါ တ ကား။ သခင် ယေ - ရှု ကြွ လာ ပါ။

**Outlines of the Messages**
**for the International Chinese-speaking Conference**
**February 10-11, 2024**

**GENERAL SUBJECT:**
**ကောင်းသောတိုက်လှန်ခြင်းကိုပြုခြင်း၊ ပြေးလမ်းကိုအဆုံးတိုင်ပြေးခြင်း၊**
**ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်းနှင့်**
**ဖြောင့်မတ်ခြင်းသရဖူအဖြစ် ခရစ်တော်၏ဆုကို ရခြင်းအလို့ငှာ**
**သခင်ဘုရားပေါ်ထွန်းတော်ခြင်းကို ချစ်မြတ်နိုးခြင်း**

Message One

## ကောင်းသောတိုက်လှန်ခြင်းကို ပြုခြင်း

ဖတ်ရန်ကျမ်း။ ။၂တိ၊၄း၇က။ ၁တိ၊၁း၁၈။ ၆း၁၂

**I. ၂တိမောသေ ၄း၇ တွင် ဖွင့်ပြထားသည့်အတိုင်း သင့်လျော်မှန်ကန်သည့် ခရစ်ယာန်အသက်တာသည် သုံးဆသောအသက်တာ ဖြစ်သည် - ယင်း၌ ကောင်းသောတိုက်လှန်ခြင်းကို ပြုခြင်း၊ ပြေးလမ်းကို ပြေး၍ အဆုံးတိုင်ပြေးခြင်းနှင့် ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်းတို့ ပါဝင်သည်။**

**II. "ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ" - အငယ်၊၇က။**

A. ယုံကြည်သူများသည် တမန်တော်၏ တိုက်တွန်းနှိုးဆော်ချက်ကို လက်ခံရရှိခြင်းအားဖြင့် ကောင်းသောတိုက်လှန်ခြင်းကို ပြုကြသည် - ၁တိ၊၁း၁၈။

1. တမန်တော်က သူ၏ဝိညာဉ်ရေးရာသားထံသို့ ပေးသည့် တိုက်တွန်းနှိုးဆော်ချက်မှာ အပေါင်းလက္ခဏာဘက်၌ ဘုရားသခင်၏ စီမံကိန်းနှင့် ဆက်နွှယ်ပြီး၊ အနုတ်လက္ခဏာဘက်၌ ခြားနားသည့်သွန်သင်ချက်များနှင့် ဆက်နွှယ်နေသည် - အငယ်၊၃-၄။
2. ပေါလုက တိမောသေအား ယုံကြည်ခြင်းမှ သွေဖည်သွားခြင်းကို ဆန့်ကျင်တိုက်ခိုက်ရန်၊ ယင်းမှာ ယုံကြည်ခြင်း၏ ကောင်းသောတိုက်လှန်ခြင်းကို ပြုရန် နှိုးဆော်မှာကြားခဲ့သည် - ၆း၁၂က။

B. ပေါလုက တိမောသေအား သူနှင့်စပ်လျဉ်း၍ ယခင်က ပေးခဲ့သည့် ပရောဖက်ပြုချက်များအတိုင်း သူသည် "ကောင်းသောစစ်ကို တိုက်ရန်" ပြောခဲ့ခြင်းဖြစ်သည် - ၁း၁၈။

1. ကောင်းသောစစ်ကို တိုက်ခြင်းမှာ ဆန့်ကျင်သွေဖည်သူများ၏ ခြားနားသောသွန်သင်ခြင်းများကို ဆန့်ကျင်တိုက်ခိုက်၍ ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်း ဖြစ်သည် - အငယ်၊၄။
2. ဤစစ်ပွဲသည် ကောင်းချီးခံရသောဘုရားသခင်၏ ဘုန်းတော်အတွက် ကျေးဇူးတော်နှင့် ထာဝရအသက်၏ ဧဝံဂေလိတရားနှင့် စပ်လျဉ်းသည့် တမန်တော်၏ အမှုတော်အတိုင်း ဖြစ်သည် - အငယ်၊၁၁-၁၆။
3. တစ်ဖက်တွင် တိမောသေသည် ခြားနားသောသွန်သင်ခြင်းများကို ဆန့်ကျင်တိုက်ခိုက်ရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် သူသည် တမန်တော်၏အမှုတော်အတိုင်း ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်ဖြစ်သည် -အငယ်၊၃-၄၊ ၁၈။
4. ခရစ်တော်နှင့်အသင်းတော်နှင့်စပ်လျဉ်းသည့် ဘုရားသခင်၏စီမံကိန်းကို သွန်သင်ခြင်းနှင့်ဟောပြောခြင်းသည် ကောင်းသောစစ်ကို တိုက်ခိုက်ခြင်း ဖြစ်သည် - အငယ်၊၁၈။

C. တိမောသေပထမစောင် ၆း၁၂က တွင် "ယုံကြည်ခြင်း၏ ကောင်းစွာသော တိုက်လှန်ခြင်းကို ပြုလော့" ဟု ပြောထားသည်။

1. ယုံကြည်ခြင်းအတွက် တိုက်ခိုက်ခြင်းမှာ ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းအတွက် တိုက်ခိုက်ခြင်းကို ဆိုလိုသည်။
2. အထူးသဖြင့်၊ ၎င်းသည် ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းအဖြစ် ခရစ်တော်အတွက်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် အသင်းတော်အတွက် တိုက်ခိုက်ခြင်းဖြစ်သည် - ကော၊၂း၉။ ၁ကော၊၁း၂။ ၁၂း၂၇။

3. ကောင်းသောတိုက်လှန်ခြင်းကို ပြုခြင်းမှာ ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းအတိုင်း ပြည့်စုံသောဧဝံဂေလိတရား၏ ပါဝင်သောအရာများအတွက် တိုက်ခိုက်ခြင်းဖြစ်သည် - ဧ၊၃း၆။

4. ခြားနားသောသွန်သင်ခြင်းများကြောင့် အသင်းတော်သည် ကျဆင်းယိုယွင်းခြင်း ရှိခဲ့ပြီးဖြစ်ကာ၊ ယုံကြည်ခြင်းမှ သွေဖည်ခြင်း ရှိခဲ့ပြီဖြစ်သည်။ ပေါလုက တိမောသေအား ယုံကြည်ခြင်းမှ ဤသွေဖည်ခြင်းကို ဆန့်ကျင်တိုက်ခိုက်ရန်၊ ယင်းမှာ ယုံကြည်ခြင်း၏ ကောင်းသောတိုက်လှန်ခြင်းကို ပြုရန် နှိုးဆော်မှာကြားခဲ့သည် - ၁တိ၊၆း၁၂က။

D. ၁တိမောသေ ၆း၁၂ခ တွင် ပေါလုက ဆက်လက်၍ "ထာဝရအသက်ကို ကိုင်ယူလော့။ ထိုအသက်သို့ သင်သည် ခေါ်တော်မူခြင်းကို ခံရ၍"ဟု ပြောထားသည်။

1. ထာဝရအသက်သည် အမှန်မှာ ကျွန်ုပ်တို့ထံသို့ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားပင်ဖြစ်သည် - ယော၊၃း၁၅-၁၆။

2. ၁တိမောသေ ၆း၁၂ခ ရှိ ထာဝရအသက်သည် ဘုရားဆိုင်ရာအသက်၊ ဘုရားသခင်၏ ထာဝရဖြစ်သော၊ ဖန်ဆင်းမခံရသောအသက် ဖြစ်သည်။

3. *ထာဝရ* ဟူသည်မှာ ဘုရားဆိုင်ရာအသက်၏ အချိန်ဒြပ်သဘာဝထက်ပိုလွန်သည့် သဘောသဘာဝကို ရည်ညွှန်းသည် - ၁ယော၊၅း၁၁။

4. ခရစ်ယာန်အသက်တာ၌ ကောင်းသောတိုက်လှန်ခြင်းကို ပြုရန် ကျွန်ုပ်တို့သည် ဤဘုရားဆိုင်ရာအသက်ကို ကိုင်စွဲပြီး၊ မိမိတို့၏လူသားအသက်၌ ကိုးစားခြင်းမရှိရန် လိုအပ်သည် - ညွှန်း၊ မ၊၁၆း၂၅-၂၆။

5. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ကောင်းသောတိုက်လှန်ခြင်းကို ပြုခြင်းမှာ ထာဝရအသက်ကို ကိုင်စွဲခြင်းအားဖြင့် အပြင်ပိုင်းဆိုင်ရာ သာမကဘဲ၊ အတွင်းကျကျနည်းဖြင့် တိုက်ကြခြင်းဖြစ်သည် - ၁တိ၊၆း၁၂ခ။

6. ယုံကြည်ခြင်းမှ သွေဖည်သွားခြင်းကို ယူဆောင်လာသည့် ရန်သူ၏ လိမ္မာပါးနပ်မှုသည် ယုံကြည်သူများအား ထာဝရအသက်မှ ကင်းကွာစေဖို့ ဖြစ်သည်။

7. စစ်မှန်သောယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ထာဝရအသက်ကို ကိုင်စွဲထားရမည်။ ထာဝရအသက်မပါဘဲ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ - ၁ယော၊၅း၁၁။

8. ကျွန်ုပ်တို့သည် ထာဝရအသက်ကို ကိုင်စွဲထားရန် လိုအပ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကောင်းသောတိုက်လှန်ခြင်းကို တိုက်ရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည် - ၁တိ၊၆း၁၂ခ။

9. တိမောသေ ပထမနှင့်ဒုတိယစာစောင်၊ တိတုစာစောင်တို့တွင် ထာဝရအသက်ကို ထပ်ခါ ထပ်ခါ အလေးဖော်ပြထားသည် - ၁တိ၊၁း၁၆။ ၆း၁၉။ ၂တိ၊၁း၁၊ ၁၀။ တိတု၊၁း၂။ ၃း၇။

10. တိမောသေပထမစာစောင်၌ တွေ့ရသည့်အတိုင်း အသင်းတော်နှင့်စပ်လျဉ်း၍ ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်၊ တိမောသေဒုတိယစာစောင်၌ တွေ့ရသည့်အတိုင်း အသင်းတော်၏ ကျဆင်းမှု အောက်သို့နိမ့်ဆင်းသည့် စီးကြောင်းကို ဆန့်ကျင်ရင်ဆိုင်ရန်နှင့် တိတုစာစောင်၌ တွေ့ရသည့် အသင်းတော်၌ ကောင်းမွန်သော အစီအစဉ်ကို စောင့်ထိန်းရန် ဤအသက်သည် မရှိမဖြစ် လိုအပ်သည်။

E. ကျွန်ုပ်တို့သည် စာတန်နှင့် မှောင်မိုက်နိုင်ငံကို ဆန့်ကျင်သည့် ကောင်းသောစစ်ကို တိုက်နေကြခြင်းဖြစ်သည်။

1. ကျွန်ုပ်တို့သည် မိမိတို့ဖြစ်ခြင်းတစ်ခုလုံးကို စောင့်ထိန်းကာကွယ်နိုင်ရုံသာမက၊ မာရ်နတ်ကို စိန်ခေါ်နိုင်ခြင်းလည်း ရှိသင့်ပေသည် - မ၊၁၂း၂၆၊ ၂၈။

2. ကျွန်ုပ်တို့သည် ဘုရားသခင်၏စစ်သူရဲများဖြစ်ကြကာ၊ ကောင်းသောတိုက်လှန်ခြင်းကိုပြုခြင်း၊ မာရ်နတ်၏ ရဲတိုက်ကို ဖြိုချခြင်းနှင့် လူ၏စဉ်းစားခြင်းများအား ခရစ်တော်ကို နာခံခြင်းထံသို့ ဖမ်းဆီးသိမ်းသွားသူများ ဖြစ်သင့်ပါသည် - ၂ကော၊၁၀း၃-၅။

F. ကျွန်ုပ်တို့သည် သမ္မာတရားအတွက် ကောင်းသောတိုက်လှန်ခြင်းကို ပြုကြသည် - ၁တိ၊၆း၁၂။ ၁ယော၊၁း၆။ ၂း၂၁။ ၄း၆။

1. သမ္မာတရားသည် သုံးပါးတစ်ပါးဘုရားနှင့်အတူ ကိုယ်တော်၏နူတ်ကပတ်တော် ဖြစ်သည် - ယော၊၁း၁၊ ၁၄-၁၇။ ၁၄း၆၊ ၁၆-၁၇။ ၁၅း၂၆။ ၁၆း၁၃။ ၁၇း၁၇။ ၁၈း၃၇ခ။
2. ဘုရားဆိုင်ရာသမ္မာတရားသည် အကြွင်းမဲ့ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သမ္မာတရားအတွက် လုံးလုံးအကြွင်းမဲ့ဖြစ်ရမည်ဖြစ်ကာ၊ သမ္မာတရား၏အကြွင်းမဲ့ဖြစ်ခြင်းကို ကိုင်စွဲထားရမည်ဖြစ်သည် - ၁၄း၆။ ၁၈း၃၇။ ၃ယော၊ ၃-၄၊ ၈။
3. ကျွန်ုပ်တို့သည် ဘုရားသခင်၏သမ္မာတရားကို ရိုသေလေးမြတ်ရမည်၊ သမ္မာတရား၏လမ်းကို ယူဆောင်ရမည်၊ မည်သည့်နည်းဖြင့်မဆို သမ္မာတရားကို အပေးအယူမလုပ်သင့်ပေ - ၂ပေ၊၂း၂။
4. ကျွန်ုပ်တို့သည် သမ္မာတရားကို ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရခြင်းနှင့် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခံခြင်း ရှိဖို့ လိုအပ်သည် - ၁ယော၊၁း၈။ ၂း၄။ ၂ယော ၁-၂။ ၃ယော ၃-၄။
5. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် မျက်မှောက်သမ္မာတရားနှင့် အမြင့်မားဆုံးသမ္မာတရား၊ အတွင်းကျကျသမ္မာတရားများအတွက် လုံးလုံး အကြွင်းမဲ့ ဖြစ်သင့်ပါသည် - ၂ပေ၊၁း၁၂။ ရော၊၈း၃။ ၁း၃-၄။ ၁၂း၄-၅။ ယော၊၈း၃၂။ ၁၄း၆။
6. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ရှိနေသည့်နေရာထက် ပို၍မြင့်သောအရာများကို သွန်သင်ခြင်းနှင့် ဟောပြောခြင်း ပြုရန် သင်ယူရမည်ဖြစ်သည်။
7. ဘုရားဆိုင်ရာစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသမ္မာတရား၏လမ်းအတွက် လုံးလုံးအကြွင်းမဲ့ ဖြစ်သင့်ပါသည် - ၂ပေ၊၂း၂။
8. အသင်းတော်များသည် သမ္မာတရားအတွက် တိုက်ခိုက်ခြင်း၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းအတွက် ဂရုစိုက်ခြင်းနှင့် ကျွန်ုပ်တို့၏သက်သေခံချက်ကို ဂရုစိုက်ခြင်း ရှိရန်အလို့ငှာ ကျွန်ုပ်တို့၏သွန်သင်ခြင်းများကို နားလည်အောင်ရှင်းပြခြင်းငှာ တာဝန်ဝတ္တရားကို ထမ်းဆောင်သင့်ပါသည် - ၁တိ၊၃း၁၅။ ၆း၁၂။ ၂တိ၊၄း၇။

© 2024 Living Stream Ministry

Message Two

## ပြေးရသောလမ်းကို အဆုံးတိုင်အောင် ပြေးခြင်း

ဖတ်ရန်ကျမ်း။ ။၂တိ၊၄း၇ခ။ တ၊၂၀း၂၄။ ၁ကော၊၉း၂၄-၂၆။ ဟေဗြဲ၊၁၂း၁-၂က

**I. “ပြေးရသောလမ်းကို အဆုံးတိုင်အောင် ပြေးပြီ” - ၂တိ၊၄း၇ခ။**

A. ပေါလုသည် သခင်ဘုရား၏ပိုင်ဆိုင်ရယူခြင်းကို ခံရပြီးနောက်တွင် ကောင်းကင်ဆိုင်ရာ ပြေးပွဲကို အစပြုပြေးခဲ့ပြီး၊ ထို ပြေးပွဲကို အဆုံးသတ်ရန်(တ၊၂၀း၂၄) ဆက်လက်ပြေးပွဲဝင်ခဲ့သည် (၁ကော၊၉း၂၄-၂၆။ ဖိ၊၃း၁၂-၁၄)။

B. ယခုအဆုံးတွင် သူသည် ‘‘ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ’’ဟု အောင်မြင်စွာ ကြွေးကြော်ခဲ့ပါသည် (၂တိ၊ ၄း၇ခ)။ ဤအရာအတွက် သူသည် သခင်ဘုရားထံမှ ဖြောင့်မတ်ခြင်းသရဖူအတွက် ဆုလာဘ်ကို လက်ခံရရှိလိမ့်မည် ဖြစ် သည် (အငယ်၊၈)။

**II. သင့်လျော်မှန်ကန်သော ခရစ်ယာန်အသက်တာတွင် ကိုယ်တော်၏ထာဝရရည်ရွယ်ချက်အတိုင်း ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ရန်အတွက် ပြေးလမ်းကို ပြေးခြင်း၊ ပြေးပွဲကို ပြေးခြင်းတို့ ပါဝင်သည် - ၁ကော၊၉း၂၄။ ဧ၊၁း၁၁၊ ၃း၁၁။**

A. ကျွန်ုပ်တို့သည် သခင်ဘုရားက ကျွန်ုပ်တို့အတွက် စီမံထားတော်မူသော ခရီးလမ်းကို ရှာဖွေကာ၊ ၎င်းအပေါ် သစ္စာရှိစွာ လျှောက်လှမ်းပြီး၊ အဆုံးထိရောက်ရှိသည့်တိုင်အောင် ကျွန်ုပ်တို့၏ခရီးလမ်းအပေါ် စိတ်ပါလက်ပါ ဆက်လက်လျှောက် လှမ်းရန် မည်သည့်အဖိုးအခကိုမဆို ပေးရမည် - ၂တိ၊၄း၇ခ။

B. ကျွန်ုပ်တို့အတွက် သခင်ဘုရား စီမံထားသော ခရီးလမ်းသည် ကျွန်ုပ်တို့အားလုံး ပြေးရမည့် လမ်းဖြစ်သည် - ဟေဗြဲ၊၁၂း၁။

C. ကျွန်ုပ်တို့သည် ‘‘ကျွန်ုပ်တို့ မျက်မှောက်၌ ထားသော ပြေးပွဲကို သည်းခံခြင်းဖြင့် ပြေးကြရန်’’ လိုအပ်သည်-အငယ်၊၁။

1. တမန်တော်ပေါလုကဲ့သို့ပင် ခရစ်ယာန်အားလုံးတို့သည် ပုံမှန်အာရုံခံစားမှု၌ ကယ်တင်ခြင်းအတွက်မဟုတ်ဘဲ အထူး ဖြစ်သောခံစားမှု၌ရှိသည့် ဆုလာဘ်အတွက် ဆုကို ရယူရန် ပြေးပွဲ ပြေးကြရမည်ဖြစ်သည် - ၁၀း၃၅၊ ၁ကော၊၃း၁၄- ၁၅။ ၉း၂၆-၂၇။ ဖိ၊၃း၁၃-၁၄။

2. ကျွန်ုပ်တို့သည် သည်းခံခြင်းဖြင့် ပြေးပွဲကို ပြေးရန်၊ သည်းခံခြင်းနှင့်အတူ ဆင်းရဲဒုက္ခကို ဆန့်ကျင်ခြင်းဖြင့် ပြေးရန် လိုအပ်သည် - ဟေဗြဲ၊၁၂း၂-၃။

D. ကျွန်ုပ်တို့သည် ‘‘ငါတို့၏ယုံကြည်ခြင်းလက်ရာရှင်နှင့် စုံလင်စေသောအရှင် တည်းဟူသော ယေရှုထံသို့ စေ့စေ့ထောက်ရှုကြ ခြင်း’’အားဖြင့် ခရစ်ယာန်ပြေးပွဲကို ပြေးရန် လိုအပ်သည် - အငယ်၊၂က။

1. ယေရှုသည် ယုံကြည်ခြင်း၏လက်ရာရှင်၊ ယုံကြည်ခြင်း၏အစပြုသူ၊ စတင်ဆောင်ရွက်သူ၊ အရင်းအမြစ်နှင့် လမ်း ကြောင်းဖြစ်သည် - အငယ်၊၂။

   a. ယုံကြည်သူများ၏ ယုံကြည်ခြင်းသည် အမှန်တကယ်တွင် သူတို့၏ကိုယ်ပိုင် ယုံကြည်ခြင်းမဟုတ်ပါ၊ သို့သော် ခရစ်တော်သည် သူတို့၏ယုံကြည်ခြင်းအဖြစ် သူတို့အထဲသို့ ဝင်ရောက်လာသည်-ရောမ၊၃း၂၂။ လ၊၂း၁၆။

   b. ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကိုယ်တော်တော်၏ဆွဲဆောင်မှုထံသို့ တုန့်ပြန်မှုအနေဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ တန်ဖိုးထားလေးမြတ်ခြင်း ဖြစ်သည် - ရော၊၁၀း၁၇။

   c. ကျွန်ုပ်တို့သည် အခြားအရာဝတ္ထုမှန်သမျှမှ လှည့်ပြန်လာခြင်းအားဖြင့် မမိုတ်မသုန် အာရုံစူးစိုက်ခြင်းနှင့်အတူ ယေရှုထံသို့ စေ့စေ့မျှော်ကြည့်ရန် လိုအပ်သည် - ဟေဗြဲ၊၁၂း၁-၂က။ သီ၊၁း၄။ ဆာ၊၂၇း၄။

   d. ကျွန်ုပ်တို့သည် ယေရှုထံသို့ စေ့စေ့မျှော်ကြည့်သောအခါ အသက်ပေးသောဝိညာဉ်တော်အဖြစ် ကိုယ်တော်သည် (၁ကော၊၁၅း၄၅ခ) ကျွန်ုပ်တို့ကို မိမိကိုယ်တော်တိုင်ဖြင့်၊ ကိုယ်တော်၏ယုံကြည်ခြင်းဒြပ်သဘာဝဖြင့် ပို့လွှတ်ဖြန့် ဖြူးပေးနေသည်။

2. ယုံကြည်ခြင်းသည် မျက်မှောက်ပြုစေသော စွမ်းရည်၊ ကျွန်ုပ်တို့က မမြင်ရသောအရာများ သို့မဟုတ် မျှော်လင့်သော အရာများကို မျက်မှောက်ပြုနိုင်သော၊ အနှစ်သာရအဖြစ်သိစေနိုင်သော စွမ်းရည်ဖြစ်သည် - ဟေဗြဲ၊၁၁း၁။

a. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ဝိညာဉ်၊ ကျွန်ုပ်တို့၏ရောနှောပေါင်းစည်းထားသည့် ဝိညာဉ်ကို လေ့ကျင့်၍ သခင်ဘုရားကို ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သည့်အရာများအား ယုံကြည်ရန်နှင့် ပြောထွက်ရန် လေ့ကျင့်ရမည်ဖြစ်သည် - ၂ကော၊၄း၁၃။

b. ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိပြီး၊ ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ ရောနှောပေါင်းစည်းနေသည် - ၁ကော၊၆း၁၇။

3. ကျွန်ုပ်တို့သည် မြင်ရသောအရာများကို မှတ်ခြင်း၊ ကြည့်ရှုခြင်းမဟုတ်ဘဲ၊ မမြင်ရသောအရာများကို ကြည့်ရှုခြင်းဖြစ်သည်။ မြင်ရသောအရာများသည် ယာယီမျှသာဖြစ်ပြီး၊ မမြင်ရသောအရာများမှာမူ ထာဝရဖြစ်သည် - ၂ကော၊၄း၁၈။

a. ခရစ်ယာန်အသက်တာသည် မမြင်ရသောအရာများ၏ အသက်တာဖြစ်သည် - ရော၊၈း၂၄-၂၅။ ဟေဗြဲ၊၁၁း၂၇။ ၁ပေ၊၁း၈။ ဂလ၊၆း၁၀။

b. အသင်းတော်၏ ကျဆင်းသွားခြင်းသည် မမြင်ရသောအရာများမှ မြင်ရသောအရာများသို့ ကျဆင်းသွားခြင်းပင်ဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ကိုယ်တော်၏အသင်းတော်အား မြင်ရသောအရာများမှ မမြင်ရသောအရာများသို့ ပြန်လည်ရယူရန်ဖြစ်သည် - ယော၊၂၀း၂၅။ ၂ကော၊၅း၇။ ရော၊၈း၂၄-၂၅။ ၁ပေ၊၁း၈။

4. ယေရှုသည် ယုံကြည်ခြင်း၏ စိုလင်စေသူ၊ ယုံကြည်ခြင်း၏ ပြည့်စုံစေသူ၊ ပြီးမြောက်စေသူဖြစ်သည် - ဟေဗြဲ၊၁၂း၂။

a. ယုံကြည်ခြင်း၏ ပြည့်စုံစေသူအဖြစ် သခင်ယေရှုသည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ယုံကြည်လက်ခံသောဒြပ်သဘာဝနှင့် စွမ်းရည်အဖြစ် စဉ်ဆက်မပြတ် ဖြည့်သွင်းပေးနေသည်။

b. ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ စေ့စေ့မျှော်ကြည့်သောအခါ ကိုယ်တော်သည် ကောင်းကင်၊ အသက်နှင့် ခွန်အားကို ကျွန်ုပ်တို့ထံသို့ အမှုဆောင်ပေးပြီး၊ ကိုယ်တော်ဖြစ်တော်မူသမျှအားလုံးဖြင့် ကျွန်ုပ်တို့ကို ပို့လွှတ်ခြင်းနှင့် ဖြည့်သွင်းခြင်း ပြုနေသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာပြေးပွဲကို ပြေးရန်နှင့် မြေကြီးပေါ်မှာ ကောင်းကင်ဆိုင်ရာအသက်တာကို အသက်ရှင်ရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည် - ၂ကော၊၃း၁၈။

c. ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ စဉ်ဆက်မပြတ် စေ့စေ့မျှော်ကြည့်လေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့က ကောင်းကင်ဆိုင်ရာပြေးပွဲကို ပြေးရန် လိုအပ်နေသည့် ယုံကြည်ခြင်းကို ပြီးမြောက်စေမည်၊ ပြည့်စုံစေမည်ဖြစ်သည် - ဟေဗြဲ၊၁၂း၁-၂က။

E. ကျွန်ုပ်တို့သည် အစ္စရေးအမျိုးသားတို့၏ပုံဆောင်ချက်အားဖြင့် ခွန်အားပေးခံရခြင်းနှင့် သတိပေးခံရခြင်း ရှိရန်လိုအပ်သည်၊ သူတို့သည် ကျွန်ုပ်တို့၏ကောင်းသောမြေဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ထံသို့ ခရစ်ယာန်ပြေးပွဲကို ပုံဆောင်သည့် ကောင်းသောမြေဆီသို့ ခရီးသွားနေကြခြင်းဖြစ်သည် - ၁ကော၊၁၀း၁-၁၃။

1. ကျွန်ုပ်တို့သည် ခရစ်တော်မှတစ်ဆင့် ရွေးနုတ်ခံရပြီး၊ စာတန်၏ချုပ်နှောင်မှုမှ လွတ်မြောက်ကြပြီဖြစ်ကာ၊ ဘုရားသခင်၏စီမံကိန်း ဖွင့်ပြခြင်းအထဲသို့ ခေါ်ဆောင်ခံခဲ့ကြပြီဖြစ်သည်။

2. သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင့်ခေါ်တော်မူခြင်း၏ ပန်းတိုင်ဖြစ်သည့် ကျွန်ုပ်တို့၏ကောင်းသောမြေ ခရစ်တော်ကို ပိုင်ဆိုခြင်းအထဲသို့ ဝင်ရောက်ရန်၊ ဘုရားသခင်၏နိုင်ငံတော်အတွက် ကိုယ်တော်၏ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရန်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် မျက်မှောက်ခေတ်၌ ကိုယ်တော်၏ထင်ရှားခြင်းဖြစ်၍၊ နိုင်ငံတော်ခေတ်၌ ခရစ်တော်ကို အပြည့်ဝဆုံး မွေ့လျော်ဝမ်းမြောက်ခြင်း၌ ပါဝင်ဆက်ဆံနိုင်ခြင်းရှိရန်မှာမူ ရှုံးနိမ့်နေကြဆဲဖြစ်နိုင်သည် - ဖိ၊၃း၁၂-၁၄။ မ၊၂၅း၂၁၊ ၂၃။

F. ကျွန်ုပ်တို့အယောက်စီတိုင်းအတွက် ဘုရားသခင်အားဖြင့် စီမံထားခဲ့သော လမ်းခရီး၏ နောက်ဆုံးအပိုင်းသည် လမ်းခရီး၏ အခက်ခဲဆုံးအပိုင်းပင် ဖြစ်သည် - ညွှန်း၊ မာ၊၆း၄၅-၅၁။

1. ခရစ်ယာန်အသက်တာ၌ အရေးကြီးဆုံးသောအရာမှာ သခင်ဘုရားက စီမံထားခဲ့ပြီးသော လမ်းခရီးကို ရှာဖွေရန်နှင့် ၎င်းကို သစ္စာရှိစွာ လျှောက်လှမ်းရန် ဖြစ်သည်။

2. ကျွန်ုပ်တို့သည် လမ်းကြောင်းမှန်ပေါ်မှာ ရှိခြင်းကို နှစ်သက်အားရခြင်းရှိကောင်းရှိနိုင်သည်၊ သို့သော် ကျွန်ုပ်တို့မည်သို့ ပြေးပြီး အဆုံးသတ်ခြင်းမှာ မေးခွန်းဖြစ်နေဆဲဖြစ်သည်။

G. ကျွန်ုပ်တို့သည် မည်သည့်နည်းဖြင့်မဆို ကျွန်ုပ်တို့၏စိတ်၌ ပင်ပန်းငြီးငွေ့သွားခြင်း၊ မှေးမှိန်အားနည်းလာခြင်း မရှိသင့်ပေ (ဟေဗြဲ၊၁၂း၃)။ ထိုအစား ကျွန်ုပ်တို့သည် ပြေးပွဲကို အဆုံးတိုင် ပြေးသောသူများ ဖြစ်သင့်ပါသည်။

1. ပင်ပန်းငြီးငွေ့သွားခြင်းမှာ စိတ်၌ ခွန်အား ကင်းမဲ့ခြင်းဖြစ်သည်။ အရာခပ်သိမ်းသည် အချည်းနှီးဖလာအဖြစ် ထင်ရသည်။

2. လဲကျသွားသော်လည်း ပြန်ထသောသူသည် အကောင်းဆုံးသော အပြေးသမားဖြစ်သည်။ “အချင်းရန်သူ၊ ငါ့အပေါ်မှာ ဝါကြွားဝမ်းမြောက်ခြင်း မရှိနှင့်။ / ငါလဲသော်လည်း ထဦးမည်။ / မှောင်မိုက်၌ ထိုင်ရသော်လည်း၊ / ယေဟောဝါသည် ငါ၏အလင်း ဖြစ်တော်မူလိမ့်မည်” - မိက္ခာ၊၇း၈။

3. ကျွန်ုပ်တို့သည် အရှုံးပေးခြင်း၊ ပင်ပန်းငြီးငွေ့သွားခြင်း သို့မဟုတ် ကျွန်ုပ်တို့စိတ်၌ မှေးမှိန်အားနည်းသွားခြင်း မရှိသင့်ဘဲ၊ ယေရှုထံသို့ စေ့စေ့မျှော်ကြည့်လျက်၊ ကျွန်ုပ်တို့ရှေ့မှာထားသော ပြေးပွဲကို ပြေးသင့်ပါသည် - ဟေဗြဲ၊၁၂း၂က။

© 2024 Living Stream Ministry

Message Three

## ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ ၂တိ၊၄း၇ᐟ၊ ၁တိ၊၁း၁၉။ ၃း၉။ ၄း၁။ ၆း၁၂။ ၁သက်၊၃း၂။ ယုဒ၊၃

**I. ဓမ္မသစ်ကျမ်း၌ ယုံကြည်ခြင်းသည် အပြင်ပိုင်းဆိုင်ရာနှင့် အတွင်းပိုင်းဆိုင်ရာနှစ်ခုလုံးဖြစ်သည်။**

A. အပြင်ပိုင်းယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အတွင်းကျကျအရာကို ရည်ညွှန်းပြီး၊ ယင်းမှာ ကျွန်ုပ်တို့ယုံကြည်သည့်အရာများကို ရည်ညွှန်းသည်။ ဤအပြင်ပိုင်းယုံကြည်ခြင်းသည် ဘုရားသခင့်ဓမ္မသစ်စီမံကိန်း၏ အကြောင်းအရာများပါဝင်သည် - ၈၊၄း၁၃။ ၂တိ၊၄း၇ᐟ။

1. ဧဖက် ၄း၁၃ ရှိ *ယုံကြည်ခြင်း* သည် ယုံကြည်လက်ခံသော အပြုအမူအဖြစ် ယုံကြည်ခြင်းမဟုတ်ဘဲ၊ အပြင်ပိုင်းယုံကြည်ခြင်း ဖြစ်သည်။
2. အပြင်ပိုင်းယုံကြည်ခြင်း၏ အချက်များမှာ ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့် ဆက်နွယ်သောအချက်များသာ ဖြစ်သည် - တစ်နည်းအားဖြင့် ခရစ်တော်၏ပုဂ္ဂိုလ်တော်နှင့် အလုပ်နှင့်ဆက်နွယ်သည့် အချက်များသာဖြစ်သည် - ယော၊၃း၁၆။ ၁း၁၈။ ၁ယော၊၄း၉။

B. အတွင်းကျသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ ယုံကြည်လက်ခံခြင်းအပြုအမူနှင့် သက်ဆိုင်သည် - ယော၊၃း၁၅-၁၆။

1. ဤဆိုလိုရင်းအရ သခင်ဘုရား၌ ယုံကြည်မှုရှိခြင်း ဟူသည်မှာ ကိုယ်တော်၌ ယုံကြည်လက်ခံခြင်းဖြစ်သည်။
2. ခရစ်တော်၌ စစ်မှန်သော ယုံကြည်သူများအားလုံးမှာ ခရစ်တော်နှင့်ဆက်နွယ်သည့် ယုံကြည်ခြင်း ရှိခြင်း၌ တစ်လုံးတစ်ဝဖြစ်ကြသည်။

C. သက်သာလောနိတ်ပထမစာစောင် ၃း၂ ရှိ ယုံကြည်ခြင်းသည် အပိုဒ်ငယ် ၅၊ ၆ နှင့် ၁၀ တွင် ပြသထားသည့်အတိုင်း သန့်ရှင်းသူများ၏ ယုံကြည်လက်ခံခြင်းကို ရည်ညွှန်းသည့် အတွင်းပိုင်းကျသောအရာ ဖြစ်သည်သာမက၊ တိမောသေပထမစာစောင် ၃း၉၊ ၄း၁ နှင့် တိမောသေဒုတိယစာစောင် ၄း၇ တွင် ပြသထားသည့်အတိုင်း ကျွန်ုပ်တို့ယုံကြည်လက်ခံသည့်အရာကို ရည်ညွှန်းသည့် အပြင်ပိုင်းကျသောအရာလည်း ဖြစ်သည်။

1. ယုံကြည်ခြင်း၏ ဤသွင်ပြင်နှစ်ခုသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်ပါဝင်နေသည်။
2. ကျွန်ုပ်တို့၏ယုံကြည်လက်ခံခြင်း (အတွင်းကျကျယုံကြည်ခြင်း) သည် ကျွန်ုပ်တို့ယုံကြည်လက်ခံသည့်အရာများထဲက ဖြစ်ပြီး၊ ကျွန်ုပ်တို့ယုံကြည်လက်ခံသည့်အရာများ (အပြင်ပိုင်း ယုံကြည်ခြင်း) ၌ ဖြစ်သည်။

**II. "ယုံကြည်ခြင်းကို စောင့်ရှောက်ပြီ" - အငယ်၊၇ᐟ။**

A. ဤနေရာရှိ *ယုံကြည်ခြင်း*မှာ အပြင်ပိုင်းကျသောအရာဖြစ်သည်။

B. ဤကျမ်းပိုဒ်ရှိ *ယုံကြည်ခြင်း* ဟူသောစကားလုံးမှာ ကျွန်ုပ်တို့က ခရစ်တော်၌ ယုံကြည်လက်ခံခြင်း၊ ကိုယ်တော်၏ပုဂ္ဂိုလ်တော်နှင့် ကိုယ်တော်၏ရွေးနုတ်ခြင်းအလုပ်ကို ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အဓိကအရာအဖြစ် ယူဆောင်ခြင်းကို ရည်ညွှန်းသည် - ၁တိ၊၁း၁၉။ ဂလ၊၁း၂၃။

C. ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်းမှာ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းတစ်ခုလုံးကို စောင့်ရှောက်ခြင်း - ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းနှင့် ဘုရားသခင်၏နက်နဲခြင်းအဖြစ် ခရစ်တော်နှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်နှင့် ခရစ်တော်၏နက်နဲခြင်းအဖြစ် အသင်းတော်နှင့်စပ်လျဉ်းသည့် ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်းဖြစ်သည် - ၁တိ၊၁း၄။

**III. တိမောသေပထမစာစောင် ၆း၁၂က တွင် "ယုံကြည်ခြင်းနှင့် ဆိုင်၍ ကောင်းစွာသော တိုက်လှန်ခြင်းကို ပြုလော့"ဟု ပြောထားသည်။**

A. ယုံကြည်ခြင်းအတွက် တိုက်ခိုက်ခြင်းမှာ ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းအတွက် တိုက်ခိုက်ခြင်းကို ဆိုလိုသည်။

B. ယုံကြည်ခြင်း၏ ကောင်းသောတိုက်လှန်ခြင်းကို ပြခြင်းမှာ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းအတိုင်း ပြည့်စုံသောဧဝံဂေလိတရား၏ ပါဝင်သောအရာများအတွက် တိုက်ခိုက်ခြင်းဖြစ်သည် - ဧ၊၁း၉-၁၀။ ၁တိ၊၁း၄။

C. ခြားနားသောသွန်သင်ချက်များကြောင့် အသင်းတော်သည် ကျဆင်းယိုယွင်းလာပြီဖြစ်ကာ၊ ယုံကြည်ခြင်းမှ သွေဖည်လွဲချော်ခြင်း ရှိလာခဲ့ပြီဖြစ်သည် - အငယ်၊၃။

D. ပေါလုက တိမောသေအား ယုံကြည်ခြင်းမှ သွေဖည်လွဲချော်ခြင်းအား ဆန့်ကျင်တိုက်ခိုက်ရန်၊ ယုံကြည်ခြင်း၏ ကောင်းသော တိုက်လှန်ခြင်းကို ပြရန် တိုက်တွန်းနှိုးဆော်ခဲ့သည် - ၆း၁၂က။

**IV. တိမောသေပထမစာစောင် ၆း၁၂ခ တွင် ပေါလုက ဆက်လက်၍ "ထာဝရအသက်ကို ကိုင်ယူလော့။ ထိုအသက်သို့ သင်သည် ခေါ်တော်မူခြင်းကို ခံရ၍"ဟု ပြောခဲ့သည်။**

A. ခရစ်ယာန်အသက်တာ၌ ယုံကြည်ခြင်း၏ ကောင်းသောတိုက်လှန်ခြင်းကို ပြရန် ကျွန်ုပ်တို့သည် ဤအသက် - ထာဝရအသက်၊ ဘုရားဆိုင်ရာအသက်ကို ကိုင်စွဲပြီး - မိမိတို့၏လူသားအသက်၌ ကိုးစားခြင်းမရှိရန် လိုအပ်သည် - အငယ်၊၁၂ခ။

B. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ ကောင်းသောတိုက်လှန်ခြင်းကို ပြခြင်းမှာ အပြင်ပိုင်းဆိုင်ရာမျှသာမက၊ ထာဝရအသက်ကို ကိုင်စွဲထားခြင်းအားဖြင့် အတွင်းကျကျ တိုက်ခိုက်ခြင်းလည်းဖြစ်သည် - အငယ်၊၁၂ခ။

C. ကျွန်ုပ်တို့သည် ထာဝရအသက်ကို ကိုင်စွဲရန် လိုအပ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် ကောင်းသောတိုက်လှန်ခြင်းကို ပြရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည် - အငယ်၊၁၂။

**V. သင့်လျော်မှန်ကန်သည့် ခရစ်ယာန်အသက်တာတွင် ဘုရားသခင်၏စီမံကိန်းရှိ ဘုရားဆိုင်ရာ ကြွယ်ဝခြင်းများ၌ ပါဝင်ဆက်ဆံခြင်းအတွက် ယုံကြည်ခြင်းကို စောင့်ရှောက်ခြင်း ပါဝင်သည် - ၁း၁၉။ ၃း၉။ ၄း၁။ ၆း၁၂။ တိတု၊၁း၄။ ယုဒ၊၃။**

A. ဘုရားသခင်၏စီမံကိန်းသည် ယုံကြည်ခြင်း၌ရှိသော အကြောင်းအရာ၊ ယင်းမှာ ယုံကြည်ခြင်း၏ အဝန်းအဝိုင်းနှင့် ဒြပ်သဘာဝ၌ အစပြု၍ တိုးတက်လာသည့် အကြောင်းအရာ ဖြစ်သည် - ၁တိ၊၁း၄။

B. ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန်ဖြစ်သော ဘုရားသခင်၏စီမံကိန်းမှာ ဇာတိနယ်ပယ်၌ ရှိသောအရာမဟုတ်သလို ပညတ်တရား၏ အလုပ်၌ရှိသောအရာလည်းမဟုတ်ဘဲ၊ ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် အသစ်မွေးဖွားခြင်းမှတစ်ဆင့် ဖန်ဆင်းခြင်းအသစ်၏ ဝိညာဉ်ဆိုင်ရာ နယ်ပယ်၌ရှိသောအရာ ဖြစ်သည် - ၂ကော၊ ၅း၁၇။ ဂလ၊၃း၂၃-၂၆။

C. ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏သားများဖြစ်ရန် ဘုရားသခင်၏မွေးဖွားခြင်း ခံရပြီး၊ ကိုယ်တော်ကို ထင်ရှားဖို့ ကိုယ်တော်၏အသက်နှင့် သဘောသဘာဝကို ယူဆောင်ခြင်း ရှိကြသည် - ယော၊၁း၁၂-၁၃။

1. ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏အင်္ဂါဝင်များ ဖြစ်လာရန် ခရစ်တော်အထဲသို့ ထားရှိခံရကြပြီး၊ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်ဖြစ်တော်မူသမျှအားလုံးကို မျှဝေရကြသည် - ရော၊၁၂း၄-၅။
2. ဤအရာသည် ဘုရားသခင်၏စီမံချက် ဖြစ်ပြီး၊ ယင်းကို ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းအတိုင်း ယုံကြည်ခြင်း၌ သယ်ဆောင်ခြင်းဖြစ်သည်။

**VI. ကျွန်ုပ်တို့သည် စင်ကြယ်သောသြတ္တပ္ပစိတ်၌ ယုံကြည်ခြင်း၏ နက်နဲခြင်းကို ကိုင်စွဲရန် လိုအပ်သည် - ၁တိ၊၃း၉။**

A. ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်လက်ခံရသောအရာများ၊ ဧဝံဂေလိတရားကို စေ့စပ်ထုံးဖွဲ့ထားသည့် အရာများကို ရည်ညွှန်းသည် - ရော၊၁း၁၊ ၃-၄။

B. ယုံကြည်ခြင်း၏နက်နဲခြင်းမှာ အဓိကအားဖြင့် ဘုရားသခင်၏နက်နဲခြင်းအဖြစ် ခရစ်တော်နှင့် ခရစ်တော်၏နက်နဲခြင်းအဖြစ် အသင်းတော် ဖြစ်သည် - ကော၊၂း၂။ ဧ၊၃း၄။

C. ယုံကြည်ခြင်း၏နက်နဲခြင်းကို ကိုင်စွဲရန်အလို့ငှာ ကျွန်ုပ်တို့၌ စင်ကြယ်သော သြတ္တပ္ပစိတ်၊ မည်သည့်ရောနှောမှုမှမဆို စင်ကြယ်ခြင်းခံရသော သြတ္တပ္ပစိတ် ရှိရမည်ဖြစ်သည် - ၁တိ၊၃း၉။ ၁း၁၉။

**VII. ယုဒက သူ၏စာစောင်တွင် "ငါသည် အလွန် ကြိုးစားသည်တွင် သန့်ရှင်းသူတို့၌ အထက်က အပ်ပေးခဲ့ပြီးသော ယုံကြည်ခြင်း အတွက် သင်တို့သည် ကြိုးစား၍ တိုက်လှန်စေခြင်းငှာ၊ နှိုးဆော်သွေးဆောင်၍ ရေးလိုက်ရသော အကြောင်းရှိ၏" ဟု ပြောထားသည် - အငယ်၊၃ခ။**

A. ဤကျမ်းပိုဒ်ရှိ *ယုံကြည်ခြင်း* ဟူသောစကားလုံးသည် အတွင်းကျသောအရာမဟုတ်ဘဲ၊ အပြင်ပိုင်းကျသောအရာဖြစ်သည်။

B. ဤနေရာရှိ *ယုံကြည်ခြင်း* ဟူသောစကားလုံးမှာ ကျွန်ုပ်တို့၏ယုံကြည်လက်ခံခြင်းကို ပြောခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ယုံကြည်ချက်၊ ကျွန်ုပ်တို့ယုံကြည်လက်ခံရသောအရာကို ရည်ညွှန်းသည်။

C. ယုဒ ၃ ရှိ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအဖြစ် ဓမ္မသစ်ကျမ်း၏ ပါဝင်သောအရာများကို ရည်ညွှန်းပြီး၊ ၎င်း၌ ကျွန်ုပ်တို့၏ အမျှားနှင့်ဆိုင်သော ကယ်တင်ခြင်းအတွက် ယုံကြည်လက်ခံခြင်း ဖြစ်သည် - တ၊၆း၇။ ၁တိ၊၁း၁၉။ ၃း၉။ ၄း၁။ ၅း၈။ ၆း၁၀၊ ၂၁။ ၂တိ၊၃း၈။ ၄း၇။ တိတု၊၁း၁၃။

D. အခြားမည်သည့် သြဝါဒမျှမဟုတ်ဘဲ၊ ဤယုံကြည်ခြင်းသည်သာ သန့်ရှင်းသူများထံသို့ အားလုံးအတွက်တစ်ကြိမ်တည်းဖြင့် လွှတ်မြောက်စေခဲ့ပြီဖြစ်သည်။

E. ဤယုံကြည်ခြင်းအတွက် ကျွန်ုပ်တို့သည် ရင်ဆိုင်တိုက်ခိုက်သင့်ပါသည် - ၁တိ၊၆း၁၂။

**VIII. ကျွန်ုပ်တို့အားလုံးသည် "ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိ"ရန် လိုအပ်သည် - ဧ၊၄း၁၃က။**

A. ဤစကားစုတွင် ဖော်ပြထားသည့် ယုံကြည်ခြင်းသည် အပြင်ပိုင်းကျသော ယုံကြည်ခြင်းဖြစ်သည်။

B. ယုံကြည်ခြင်း၏တစ်လုံးတစ်ဝဖြစ်ခြင်းမှာ ဘုရားသခင်၏သားတော်ကို ကျွန်ုပ်တို့အပြည့်အဝ သိကျွမ်းကို တောင်းဆိုနေသည် - အငယ်၊၁၃။

C. ကျွန်ုပ်တို့သည် ခရစ်တော်ကို အလယ်ဗဟိုအဖြစ် ယူဆောင်ပြီး၊ ကိုယ်တော်အပေါ်မှာ ဗဟိုပြုခြင်းရှိသောအခါမှသာ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

*© 2024 Living Stream Ministry*

Message Four

## သီချင်းတကာ့သီချင်း၏ ပင်ကိုမူလပုံဆောင်ချက်အတိုင်း ကိုယ်တော်အတွက် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို စောင့်ထိန်းထားခြင်းအားဖြင့် သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်မြတ်နိုးခြင်း

ဖတ်ရန်ကျမ်း။ ။ သီ၊၁း၂-၄။ ၂း၈-၉။ ၃း၉-၁၀။ ၄း၁၂-၁၆။ ၆း၁၀၊ ၁၃။ ၇း၁၁။ ၈း၁၃-၁၄

**I. ကဗျာဖြစ်သော သီချင်းတကာ့သီချင်း၏ အကြောင်းအရာမှာ အဆင့်ခြောက်ဆင့်၌ ကိုယ်တော်၏သတို့သမီးကို ပြင်ဆင်ခြင်းအတွက် ခရစ်တော်နှင့် တစ်ဦးချင်းဆိုင်ရာယုံကြည်သူ၏ ချစ်ခြင်းမေတ္တာဖြင့် မိတ်သဟာယဖွဲ့ခြင်း၌ အဆင့်ဆင့်တိုးတက်လာသော တွေ့ကြုံခံစားမှုကို ဖော်ပြထားသည့် အကောင်းဆုံးသော ထိမ်းမြားခြင်း၌ရှိသည့် ချစ်ခြင်းမေတ္တာသမိုင်းဖြစ်သည် - ဗျာ၊ ၁၉း၇-၉။ မ၂၅း၆-၁၃။ ဗျာ၊၃း၁၈-၂၂။ ဧ၊၄း၁-၆၊ ၁၁-၁၄။ ၁ယော၊၄း၁၉။ ဆာ၊၁၁၀း၃။ ၁၁၉း၁၄၀။**

A. သီချင်းတကာ့သီချင်း၏ ပထမအဆင့်တွင် ခရစ်တော်၏ချစ်သူသည် ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကိုယ်တော်ကို ရှာဖွေရန် ဆွဲဆောင်ခံရသည် (၁း၂-၂း၇)။ သခင်ဘုရားက ကိုယ်တော်၏ရှာဖွေသူအား ကိုယ်တော်နှင့်အတူ တစ်ဦးချင်းဆိုင်ရာ၊ ရင်းနှီးကျွမ်းဝင်သော၊ သီးသန့်ဖြစ်သော၊ ဝိညာဉ်ရေးရာဖြစ်သော ဆက်နွယ်မှု ရှိစေလိုသည် (၁း၂၊ ၄)။ ဝိညာဉ်ရေးရာမူအလေ့အလာများအားလုံးသည် ရှာဖွေသူ၏ အောင်မြင်သောအသက်တာ၏ ဤပထမအဆင့်တွင် ပါဝင်လေသည်။ နောက်လိုက်လာသော သင်ခန်းစာများသည် အသစ်မဟုတ်ဘဲ၊ သင်ခန်းစာအဟောင်းများက နက်ရှိုင်းသောနည်းလမ်း၌ ပြန်ထပ်ကျော့ခြင်းဖြစ်သည်။

B. သီချင်းတကာ့သီချင်း၏ဒုတိယအဆင့်တွင် ခရစ်တော်၏ချစ်သူသည် ခရစ်တော်၏ကားတိုင်နှင့်အတူ သူမ၏တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ဆင့် အတ္တမှ လွတ်မြောက်ရန် ခေါ်ခြင်းခံရသည် - ၂း၈-၃း၅။

1. သီချင်းတကာ့သီချင်း ၂း၈-၉ တွင် ရှင်ပြန်ထမြောက်ခြင်း၏ နိုးကြားရှင်သန်မှုကို ပြောထားသည်။ ဤကျမ်းပိုဒ်များ၌ ခရစ်တော်ကို "တောင်ကြီးတို့ကို ခုန်လျက်၊ /တောင်ငယ်တို့ကို ကျော်လျက် ကြွလာသော" သမင် သို့မဟုတ် ဒရယ်ငယ်နှင့် ခိုင်းနှိုင်းထားသည်။ တောင်ကြီးများနှင့် တောင်ငယ်များသည် အခက်အခဲများနှင့် အတားအဆီးများကို ရည်ညွှန်းသည်၊ သို့သော် ရှင်ပြန်ထမြောက်သောခရစ်တော်ကို ရပ်တန့်စေရန် မြင့်မားလွန်းသော သို့မဟုတ် ကြီးမားလွန်းသော အရာမရှိပေ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ တောင်ကြီးကိုခုန်တက်သော၊ တောင်ငယ်ကို ကျော်တက်သော မျက်မှောက်တော်ကို ရှာဖွေကာ၊ သိကျွမ်းခြင်း ရှိရန် လိုအပ်သည်။
2. ခရစ်တော်၏ချစ်သူသည် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ခြင်းအထဲသို့ ကျဆင်းသွားခဲ့ပြီး၊ ယင်းသည် သူမကို ခရစ်တော်၏ မျက်မှောက်တော်မှ ဖယ်ခွာခြင်းရှိစေသည့် နံရံကဲ့သို့ တားဆီးမှု ဖြစ်လာသည် (အငယ်၊၉ခ)။ ထို့ကြောင့် ခရစ်တော်က သူမအား ထ၍ ကိုယ်တော်နှင့်အတူရှိရန် သူမ၏နိမ့်ကျသော အခြေအနေထဲက ထွက်လာရန် ခွန်အားပေးခြင်းဖြစ်သည် (အငယ်၊၁၀-၁၃)။
3. ကျွန်ုပ်တို့၏ဇာတိအသက်အားဖြင့်မဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုးအားဖြင့်သာ ခရစ်တော်၏ချစ်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ကားတိုင်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းအားဖြင့် ကိုယ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူညီရန် တတ်စွမ်းနိုင်ကြသည် (အငယ်၊၁၄-၁၅)။ ကျွန်ုပ်တို့၏ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတွင် ပါဝင်ဆက်ဆံကာ တွေ့ကြုံခံစားခြင်း ရှိကြပြီး၊ ယင်းသည် ကျွန်ုပ်တို့ကို အတ္တမှ လွတ်မြောက်ရန် ကားတိုင်ဖြင့် တစ်လုံးတစ်ဝဖြစ်စေပြီး၊ ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၌ ဘုရားသခင်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ဘုရားသခင်၏ ဖန်ဆင်းခြင်းအသစ်တွင်ရှိသော လူသစ်အထဲသို့ ပုံသဏ္ဍာန်ပြောင်းလဲပေးသည် (ရော၊၈း၂၊ ၄၊ ၂၉။ ဂလ၊၆း၁၅။ ၂ကော၊၅း၁၇)။

C. သီချင်းတကာ့သီချင်း၏ တတိယအဆင့်တွင် ခရစ်တော်၏ချစ်သူသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖန်ဆင်းခြင်းအသစ်အဖြစ် တက်ကြွခြင်းတွင် အသက်ရှင်ရန် ခေါ်ခြင်းခံရသည် - ၃း၆-၅း၁။

1. တက်ကြွခြင်း၌ အသက်ရှင်ခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်၌ စဉ်ဆက်မပြတ် အသက်ရှင်ရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်၌ အသက်ရှင်သောအခါ ကောင်းကင်များ၌ရှိသော တက်ကြွသောခရစ်တော်ထံ ပေါင်းစည်းဆက်နွယ်ခြင်း ရှိကြသည် - ဧ၂း၂။ က၂၈း၁၂-၁၇။ ယော၁း၅၁။ ဗျာ၄း၁-၂။ ဟေဗြဲ၄း၁၂၊ ၁၆ နှင့် မှတ်စု ၁။
2. ကျွန်ုပ်တို့၌ ဝိညာဉ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ်အားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ လှုပ်ရှားနေသော ထည့်စရာတန်ဆာ၊ ခရစ်တော်၏ ရထားလုံး၊ ခရစ်တော်၏"ကား" ဖြစ်လာပြီး၊ ယင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏လှုပ်ရှားခြင်းအဖို့ ဖြစ်သည် - သီ၃း၉-၁၀။ ညွှန်း၊ ၂ကော၂း၁၂-၁၇။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းနှင့်အတူ ပြန်လည်တည်ဆောက်ခံရကြသည်၊ သို့မှသာ ကျွန်ုပ်တို့ အပြင်ပိုင်း တည်ဆောက်ပုံသည် ရှင်ပြန်ထမြောက်သော၊ တက်ကြွသော ယေရှု၏လူသားဇာတိဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းအလှဆင်မှုသည် သခင်ဘုရားအတွက် ကျွန်ုပ်တို့၏ချစ်ခြင်း ဖြစ်မည်ဖြစ်သည် - သီ၃း၉-၁၀။
4. သူမသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ဖန်ဆင်းခြင်းအသစ်အဖြစ် ခရစ်တော်၏တက်ကြွခြင်း၌ အသက်ရှင်ခြင်းမှ တစ်ဆင့် ခရစ်တော်၏ချစ်သူသည် ခရစ်တော်အသက်၏ ကြွယ်ဝခြင်းများ၌ ရင့်ကျက်ခြင်း ရှိလာသည်၊ ထိုသို့ဖြင့် သူမသည် ကိုယ်တော်၏ သီးသန့် မွေ့လျော်ဝမ်းမြောက်မှုအတွက် ခရစ်တော်အဖို့ ဥယျာဉ်တော်ဖြစ်လာနိုင်မည်ဖြစ်သည် (၄း၁၂-၁၅)။ သူမသည် မည်သည့်အခြေအနေ သို့မဟုတ် ပတ်ဝန်းကျင်၌မဆို ခရစ်တော်၏ အမွှေးအကြိုင်ကို ပေးရန် ပြင်ဆင်ခြင်းခံရသည် (အငယ်၁၆)။

D. သီချင်းတကာ့သီချင်း၏ စတုတ္ထအဆင့်တွင် ခရစ်တော်၏ချစ်သူသည် ရှင်ပြန်ထမြောက်ခြင်းပြီးနောက် ကားတိုင်မှတစ်ဆင့် ကန့်လန့်ကာအတွင်း၌ အသက်ရှင်ရန် ပို၍ ခိုင်မာစွာ ခေါ်ခြင်းခံရသည် - ၅း၂-၆း၁၃။
1. ကန့်လန့်ကာအတွင်း၌ အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်၏ ချစ်သူသည် ကောင်းကင်ဆိုင်ရာကိုယ်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲခဲ့သည်။ သူမသည် အရုဏ်ဦးကဲ့သို့ ထွက်ပေါ်လာပြီး၊ သူမသည် လကဲ့သို့ လှပတင့်တယ်ကာ၊ သူမသည် နေကဲ့သို့ ကြည်လင်ခြင်း ရှိသည် - အငယ်၁၀။
2. ခရစ်တော်အသက်၏ ရင့်ကျက်ခြင်း၌ ခရစ်တော်၏ချစ်သူသည် ရှုလမိတ် (*ရှောလမုန်* ၏ ဣတ္ထိလိင်ပုံစံ) ဖြစ်လာပြီး၊ ယင်းမှာ သူမသည် ကိုယ်တော်နည်းတူ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လုပ်ဆောင်ချက် တို့၌ တူညီလာပြီး (သို့သော် ကိုးကွယ်ခံ၌မဟုတ်)၊ သူတို့၏လက်ထပ်ထိမ်းမြားခြင်းအတွက် ကိုယ်တော်နှင့် လိုက်ဖက်ညီရန် ခရစ်တော်၏ ပုံတူပွားထုတ်လုပ်ခြင်းနှင့် မိတ္တူပွားခြင်း ဖြစ်လာခြင်းကို ပုံဆောင်သည် - အငယ်၁၃။ ၂ကော၃း၁၈။

E. သီချင်းတကာ့သီချင်း၏ ပဉ္စမအဆင့်၌ ခရစ်တော်၏ချစ်သူသည် သခင်ဘုရား၏အလုပ်၌ မျှဝေဆက်ဆံခြင်း ရှိလာသည် - ၇း၁-၁၃။
1. သီချင်းတကာ့သီချင်း ၇း၁၁ တွင် ခရစ်တော်၏ချစ်သူသည် သူမ၏ချစ်သူနှင့်အတူ ကမ္ဘာလောကတစ်ခုလုံး (လယ်တောများ) အတွက်ဖြစ်သော အလုပ်ကို တစ်နေရာမှ နောက်တစ်နေရာသို့ လှည့်လည်သွားလာခြင်း (ရွာတို့၌ တည်းခိုခြင်း) အားဖြင့် သယ်ဆောင်သွားလိုကြောင်း ပြသထားသည်။ ဤသည်မှာ သူမသည် သခင်ဘုရား၏အလုပ်ကို သယ်ဆောင်ခြင်း၌ သီးခြားဂိုဏ်းကွဲခြင်းမဟုတ်ဘဲ၊ အလုပ်ကို ဖွင့်ပေးလျက် အခြားသူများသည်လည်း ထိုနေရာမှာ လှည့်လည်လာရောက်နိုင်ကာ၊ သူမသည် အခြားတစ်နေရာသို့ လှည့်လည်သွားနိုင်မည်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ဤသည်မှာ ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၌ အလုပ်တစ်ခုတည်းကို စောင့်ထိန်းခြင်းဖြစ်သည်။
2. သခင်ဘုရား၏အလုပ်၌ မျှဝေပါဝင်ခြင်းမှာ ကိုယ်တော်နှင့်အတူတကွ လုပ်ဆောင်ရန် ဖြစ်သည် (၂ကော၆း၁က)။ ကိုယ်တော်နှင့်အတူ အလုပ်လုပ်ရန် ကျွန်ုပ်တို့သည် အသက်၌ ရင့်ကျက်ခြင်းရှိဖို့ လိုအပ်ပြီး၊ သခင်ဘုရားနှင့်အတူ တစ်လုံးတစ်ဝရှိရန် လိုအပ်ကာ၊ ကျွန်ုပ်တို့၏အလုပ်သည် ကိုယ်တော်၏ ကိုယ်ခန္ဓာတော်အတွက် ဖြစ်ရမည် (ကော၁း၂၈-၂၉။ ၁ကော၁၂း၁၂-၂၇)။
3. ရှုလမိတ်သည် ရှောလမုန်၏ အဖော်အဖက်အဖြစ် အလုပ်လုပ်ခဲ့ပြီး၊ စပျစ်ဥယျာဉ်များအားလုံးဖြစ်သော (သီ၈း၁၁) မြေကြီးတစ်ပြင်လုံးရှိ အသင်းတော်များနှင့် ယုံကြည်သူများအားလုံးကို ဂရုစိုက်သည်။ ကျွန်ုပ်တို့၌ မြေကြီးတစ်ပြင်လုံး

အတွက်ဖြစ်သော အလုပ်ရှိရမည်ဖြစ်သည်။ ဤသည်မှာ ပေါလုသည် ဒေသန္တရအသင်းတော်များကို တည်စေခဲ့ပြီး၊ သူတို့အား ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ပြည့်ဝစွာနားလည်ခြင်းအထဲသို့ ခေါ်ဆောင်ပေးခြင်း၌ သူလုပ်ခဲ့သောအရာ ဖြစ်သည် (ရော၊၁၆း၁-၂၄)။

F. သီချင်းတကာ့သီချင်း၏ ဆဋ္ဌမအဆင့်တွင် ခရစ်တော်၏ချစ်သူသည် ချီဆောင်ခံရရန် မျှော်လင့်နေသည် (၈း၁-၁၄)။ သူမသည် ကန္တာရတော (မြေကြီးဆိုင်ရာနယ်ပယ်)မှ “မိမိချစ်ရာအရှင်ကို မှီခြင်း”အားဖြင့် တက်လာနေသည် (အငယ်၊၅)။

1. *မိမိချစ်ရာအရှင်ကို မှီခြင်း* မှာ ယာကုပ်ကဲ့သို့ သူမ၏ ပေါင်ချန်အကြောသည် ထိုးနှက်ခံရပြီးကြောင်း၊ သူမ၏ ဇာတိခွန်အားသည် သခင်ဘုရားအားဖြင့် ဆက်ဆံဖြေရှင်းခံရပြီးဖြစ်ကြောင်း ပုံဆောင်သည် - က၊၃၂း၂၄-၂၅။
2. *မိမိချစ်ရာအရှင်ကို မှီခြင်း* မှာ သူမသည် မိမိကိုယ်ကို အတိုင်းထက်အလွန် ဖိနှိပ်ခံရကြောင်း၊ ၎င်းသည် ကန္တာရတောလမ်းခရီး ပြီးဆုံးသည့်တိုင် ကြာရှည်သကဲ့သို့ ထင်ရကြောင်း ပုံဆောင်သည် - ၂ကော၊၁း၈-၉။ ၁၂း၉-၁၀။ ၁၃း၃-၄။
3. သူမက သူမ၏ချစ်သူအား သူမကို ကိုယ်တော်၏ ချစ်ခြင်းမေတ္တာစိတ်နှလုံးတော်ပေါ်မှာ တံဆိပ်အဖြစ် ခပ်နှိပ်ရန်၊ ကိုယ်တော်၏ ခွန်အားလက်ရုံးတော်ပေါ်မှာ တံဆိပ်အဖြစ် ခပ်နှိပ်ရန် တောင်းဆိုခဲ့သည်။ ဤအချက်၌ သူမသည် မိမိ၏ တန်ခိုးမဲ့ခြင်းနှင့် အကူအညီကင်းမဲ့ခြင်းကို သတိပြုမိကာ၊ အရာခပ်သိမ်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် စောင့်ထိန်းပေးသော တန်ခိုးတော်အပေါ်မှာသာ မူတည်ကြောင်း သိနားလည်ခဲ့သည် - သီ၊၈း၆-၇။
4. ခရစ်တော်၏ချစ်သူက ကိုယ်တော်၏ဥယျာဉ်တော်များအဖြစ် ယုံကြည်သူများ၌ ကိန်းဝပ်နေသည့် ကိုယ်တော်အား ကိုယ်တော်၏အသံတော်ကို ကြားရပါမည့်အကြောင်း တောင်းဆိုခဲ့သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ချစ်စွာသောအရှင်အဖြစ် သခင်ဘုရားအတွက် ကျွန်ုပ်တို့လုပ်သည့် အလုပ်၌ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ခြင်းကို စောင့်ထိန်းရန်နှင့် ကိုယ်တော်ကို အမြဲနားထောင်ရန် လိုအပ်ကြောင်း ညွှန်ပြနေသည် - အငယ်၊၁၃။

**II. ဤကဗျာလင်္ကာစာစောင်၏ နိဂုံးချုပ်စကားအဖြစ် ခရစ်တော်၏ချစ်သူသည် သူမ၏ ချစ်သောအရှင်အား ရှင်ပြန်ထမြောက်ခြင်း၏ တန်ခိုး (သမင်နှင့် ဒရယ်ငယ်) ၌ ပြန်ကြွလာ၍ မြေကြီးတစ်ပြင်လုံးကို ဖုံးလွှမ်းသွားမည့် ကိုယ်တော်၏ချိုမြိန်ခြင်းနှင့် လှပခြင်းရှိသော နိုင်ငံတော် (နံ့သာတောင်များ) ကို တည်စေပါမည့်အကြောင်း ဆုတောင်းခဲ့သည် - အငယ်၊၁၄။ ဗျာ၊၁၁း၁၅။ ဒံ၊ ၂း၃၅။**

A. ထိုသို့သောဆုတောင်းချက်သည် သတို့သားအဖြစ် ခရစ်တော်နှင့် သတို့သမီးအဖြစ် ကိုယ်တော်၏ချစ်သူများအကြား လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ချစ်ခြင်းမေတ္တာ၌ ပေါင်းစည်းခြင်းနှင့် ဆက်နွယ်ခြင်းကို ပုံဆောင်ကာ၊ ယင်းသည် ခရစ်တော်၏ ချစ်သူ ယောဟန်၏ ဆုတောင်းချက်နည်းလမ်း၌ သန့်ရှင်းသောကျမ်းစာတော်မြတ်၏ နိဂုံးချုပ်စကားအဖြစ် ခရစ်တော်နှင့် အသင်းတော်နှင့်စပ်လျဉ်း၍ ကိုယ်တော်၏ဘုရားဆိုင်ရာမေတ္တာ၌ ဘုရားသခင်၏ထာဝရစီမံကိန်းကို ဖွင့်ပြထားသည် - ဗျာ၊၂၂း၂၀။

B. “ကိုယ်တော်ကြွလာသောအခါ ယုံကြည်ခြင်းသည် အကြောင်းရင်းမှန်များအဖြစ်သို့ ပြောင်းသွားလိမ့်မည်၊ ချီးမွမ်းခြင်းသည် ဆုတောင်းခြင်းကို အစားထိုးလိမ့်မည်။ ချစ်ခြင်းမေတ္တာသည် အရိပ်မဲ့စုံလင်ခြင်း၌ ပြီးမြောက်ပြည့်စုံကာ၊ ကျွန်ုပ်တို့သည် အပြစ်မဲ့နယ်ပယ်၌ ကိုယ်တော်ကို အစေခံကြလိမ့်မည်။ ထိုနေ့ရက်သည် မည်သို့သော နေ့ရက်ဖြစ်ပါမည်တကား။ သခင်ယေရှု၊ အလျင်အမြန် ကြွလာတော်မူပါ”—Watchman Nee, *The Collected Works of Watchman Nee,* vol. 23, “The Song of Songs,” p. 126.

*© 2024 Living Stream Ministry*

# Message Five
## ဖြောင့်မတ်ခြင်းသရဖူအဖြစ် ခရစ်တော်၏ နိုင်ငံတော်ဆုလာဘ်ကို လက်ခံရရှိခြင်း

ဖတ်ရန်ကျမ်း။  ။ ၂တိ၊၄း၇-၈၊ ၁၈။ ၃း၂-၅။ ၁ကော၊၉း၂၅။ ဖိ၊၃း၉။ ဆာ၊၄၅း၁၃-၁၄

**I. ခရစ်တော်ကို ကျွန်ုပ်တို့၏ နိုင်ငံတော်ဆုလာဘ်အဖြစ် မွေ့လျော်ဝမ်းမြောက်ရန် ကျွန်ုပ်တို့သည် သခင်ဘုရား၏ပေါ်ထွန်းတော်မူခြင်းကို ချစ်ရမည်၊ ယင်းမှာ ယနေ့ ကျွန်ုပ်တို့ထံသို့ ကိုယ်တော်၏ ပေါ်ထွန်းတော်မူခြင်းနှင့် ထင်ရှားပေါ်လွင်ခြင်းဖြစ်ကာ၊ ကိုယ်တော်၏ ဒုတိယကြွလာခြင်း၌ ကိုယ်တော်၏လူများနှင့်အတူ ရှိမည့် ကိုယ်တော်၏မျက်မှောက်တော်ဖြစ်ပြီး၊ ယင်းသည် အသက်၌ စောင့်ကြည့်သတိရှိနေခြင်း၏ တင်းကျပ်ကျဉ်းမြောင်းသောလမ်းပေါ်မှာ နေခြင်းနှင့် ခရစ်တော်၏ သတို့သမီးအဖြစ် စေ့စပ်ထုံးဖွဲ့ရန် အစေခံခြင်း၌ သစ္စာရှိခြင်းအားဖြင့် ဖြစ်သည် - ၂တိ၊၄း၇-၈။ တ၊၂၆း၁၆။ ရော၊၈း၁၉။ ၁သက်၊၅း၂၃။ ၂သက်၊၁း၁၀။ ယော၊၁၄း၂၁၊ ၂၃။ မ၊၇း၁၃-၁၄။ ၂၄း၃၊ ၄၅-၅၁။ ၂၅း၉၊ ၁၃၊ ၂၁။**

A. သခင်ဘုရား၏ ပေါ်ထွန်းတော်မူခြင်းကို ချစ်ခြင်းနှင့် သခင်ဘုရားကိုယ်တော်တိုင်ကို ချစ်ခြင်းမှာ ခွဲခြားမရနိုင်ပေ - ၁ကော၊၂း၉။ ၂တိ၊၄း၈။ ယော၊၁၄း၂၁။

B. ၂တိမောသေ ၃း၂-၅ တွင် တင်ဆက်ပြသထားသည့် ကျဆင်းခြင်း၌ရှိသော ခရစ်ယာန်လောက၏ ပရောဖက်ပြုချက် ရုပ်ပုံကားချပ်တွင် ချစ်သူအမျိုးအစားလေးမျိုးကို ဖော်ပြထားသည်၊ မိမိကိုယ်ကို ချစ်သူများ၊ ငွေကို ချစ်သူများ၊ အပျော်အပါးကို ချစ်သူများနှင့် ဘုရားသခင်ကို ချစ်သူများ တို့ဖြစ်သည်။ လူက မည်သည့်အရာကို ချစ်ပါစေ၊ သူ၏စိတ်နှလုံးတစ်ခုလုံး၊ သူ၏ဖြစ်ခြင်းတစ်ခုလုံးပင်လျှင် တင်ထားခြင်း၊ သိမ်းပိုက်လွှမ်းမိုးခံရခြင်းနှင့် ပိုင်ဆိုင်ခြင်း ခံရပြီဖြစ်သည်၊ ဤအရာသည် အရေးကြီးလှပါသည်။

C. အသင်းတော်၏ အောင်မြင်ခြင်း၌ ဘုန်းထင်ရှားမည့်နေ့ ရှိမည်မရှိမည် သို့မဟုတ် အသင်းတော်၏ကျဆင်းခြင်း၌ ဝမ်းနည်းပူဆွေးဖွယ်နေ့များ ရှိမည်မရှိမည်မှာ ကျွန်ုပ်တို့သည် မည်သို့သောချစ်သူများဖြစ်ခြင်းအပေါ် လုံးလုံး မူတည်နေပါသည်။ သမိုင်းကြောင်းက အသင်းတော်၏ကျဆင်းခြင်း အရင်းအမြစ်မှာ သခင်ဘုရားထံသို့ သူမ၏ ရှေးဦးမေတ္တာကို ဆုံးရှုံးခြင်းကြောင့်ဖြစ်ကြောင်း ပြောထားသည် - ဗျာ၊၂း၄။

D. အသင်းတော်၏ အောင်မြင်ခြင်း စံနှုန်းကို စောင့်ထိန်းရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံကိန်း ပြီးပြည့်စုံခြင်းအတွက် ဘုရားသခင်၏ချစ်သူများ ဖြစ်ကြရမည်။ သခင်ဘုရားက ကိုယ်တော်ကို ချစ်သူများအား အသက်၏သရဖူနှင့် နိုင်ငံတော်၏ အမွေကို ပေးမည်ဖြစ်ကြောင်း ကတိပေးထားသည် - ယာ၊၁း၁၂။ ၂း၅။

E. မယိုယွင်းမပျက်စီးနိုင်သောသရဖူသည် ခရစ်ယာန်ပြေးပွဲ၏ အနိုင်ရအောင်မြင်သော အပြေးသမားထံ သခင်ဘုရား၏ ကယ်တင်ခြင်းအပြင် ဆုအဖြစ် ပေးအပ်သော ဘုန်းတော်နှင့် လှပခြင်း၏ အမှတ်သင်္ကေတဖြစ်သည် - ၁ကော၊၉း၂၅။ ၁ပေ၊၅း၄။ ဟေရှာ၊၂၈း၅။

1. ဤဆုသည် ကယ်တင်ခြင်း (ဧ၊၂း၈) ကဲ့သို့သော ကျေးဇူးတော်၏ဆုမဟုတ်သလို၊ ယုံကြည်ခြင်း၏ ဆုလည်းမဟုတ်ဘဲ၊ လုပ်ဆောင်မှုများမှတစ်ဆင့် ဖြောင့်မတ်ခြင်း၏ ဆုဖြစ်သည် (မ၊၁၆း၂၇။ ဗျာ၊၂၂း၁၂။ ၂ကော၊၅း၁၀)။
2. ဖြောင့်မတ်ခြင်း၏သရဖူသည် သခင်ဘုရား၏ကျေးဇူးတော်အတိုင်း မဟုတ်ဘဲ၊ ကိုယ်တော်၏ ဖြောင့်မတ်ခြင်းအတိုင်း ဆုချီးမြှင့်ခြင်း ဖြစ်မည်ဖြစ်ကာ၊ ၎င်းကို ဆုချီးမြှင့်သည့်အရှင်မှာ ဖြောင့်မတ်သောတရားသူကြီးအဖြစ် သခင်ဘုရား ဖြစ်လိမ့်မည် ဖြစ်သည် - ၂တိ၊၄း၈။

**II. လာမည့်ခေတ်၌ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသရဖူအဖြစ် ခရစ်တော်ဖြင့် ဆုချီးမြှင့်ခံရန်အလို့ငှာ ကျွန်ုပ်တို့သည် ဤခေတ်၌ ကျွန်ုပ်တို့၏ အတွင်းကျကျဖြစ်သော၊ အသက်ရှင်ထွက်သော ဖြောင့်မတ်ခြင်းအဖြစ် ကိုယ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိရမည်ဖြစ်သည် - ဖိ၊၃း၉။**

A. ခရစ်တော်သည် ယုံကြည်သူများထံသို့ ဖြောင့်မတ်ခြင်းဖြစ်ခြင်းမှာ သွင်ပြင်နှစ်ခုရှိသည်။

1. ခရစ်တော်သည် ကျွန်ုပ်တို့က ဘုရားသခင်ထံသို့ နောင်တရ၍ ခရစ်တော်အထဲသို့ ယုံကြည်လက်ခံသည့်အချိန်တွင် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်ရာသို့ ရောက်ခြင်းဌာ ကျွန်ုပ်တို့အတွက် အပြင်ပိုင်း ဖြောင့်မတ်ခြင်းဖြစ်တော်မူသည် - ရော၊၃း၂၄-၂၆။ တ၊၁၃း၃၉။ ဂလ၊၃း၂၄၊ ၂၇။
2. ခရစ်တော်သည် ရှင်ထွက်ခြင်းရှိသော၊ စစ်မှန်သော ခရစ်တော်၏ထင်ရှားခြင်းအဖြစ် ကျွန်ုပ်တို့၏ အတွင်းကျကျ ဖြောင့်မတ်ခြင်းလည်းဖြစ်ကာ၊ ယင်းသည် အသက်ရှင်သောခရစ်တော်အားဖြင့် ဘုရားသခင်ကို ထင်ရှားသည့် သာလွန်ထူးကဲသည့်အခြေအနေဖြစ်သည် - ဖိ၊၃း၉။ ၁း၂၁က။

B. ဤဖြောင့်မတ်ခြင်း၏ သွင်ပြင်နှစ်ခုသည် ဆာလံ ၄၅း၁၃-၁၄ တွင် ဘုရင်မ၏ ဝတ်ရုံနှစ်ခုအားဖြင့် ပုံဆောင်ထားသည်။
   1. ဝတ်ရုံတစ်ခုမှာ အပြင်ပိုင်းဖြောင့်မတ်ခြင်းနှင့် အလားတူပြီး၊ ယင်းသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် ဖြစ်သည် - "သူမ၏အဝတ်သည် ရွှေဖြင့် ချယ်လှယ်၍ ရက်လုပ်ထားသော အဝတ်ဖြစ်၏" - အငယ်၊၁၃ခ။
      a. ဤသည်မှာ များစွာသော ဒုက္ခဆင်းရဲများမှတစ်ဆင့်လည်းကောင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့်လည်းကောင်း ဆက်ဆံဖြေရှင်းခံဖူးသူဖြစ်သည့် ခရစ်တော်သည် အသင်းတော်၏ ဖြောင့်မတ်ခြင်းဖြစ်လာ၍၊ ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်ရာသို့ရောက်ခြင်းအတွက် ဘုရားသခင်၏ ဖြောင့်မတ်သော တောင်းဆိုချက်ကို ပြည့်မီစေခြင်းအား ရည်ညွှန်းသည် - ၁ကော၊၁း၃၀။ လု၊၁၅း၂၂။ ယေ၊၂၃း၆။
      b. သူမသည် ရွှေဖြင့် ဖုံးလွှမ်းခံရခြင်းမှာ အသင်းတော်သည် ဘုရားဆိုင်ရာသဘောသဘာဝ၌ ထင်ရှားပေါ်ထွန်းလာခြင်းကို ရည်ညွှန်းသည် - ဆာ၊၄၅း၉ခ။ ၂ပေ၊၁း၄။
   2. နောက်ထပ်ဝတ်ရုံတစ်ခုမှာ အတွင်းကျကျ ဖြောင့်မတ်ခြင်းနှင့် အလားတူပြီး၊ ယင်းသည် ကျွန်ုပ်တို့၏အောင်မြင်ခြင်းအတွက် ဖြစ်သည် - "ပန်းထိုးထားသောအဝတ်ကို ဆင်လျက် ရှင်ဘုရင်ထံသို့ ဆောင်ခဲ့ရ၏" - ဆာ၊၄၅း၁၄က။ ညွှန်း၊ ဗျာ၊၁၉း၈။ မ၊၂၂း၁၁-၁၂။
      a. အောင်မြင်သောယုံကြည်သူများသည် ခရစ်တော်၏ စုပေါင်းထားသော ဘုရင်မ ဖြစ်ကာ၊ ခရစ်တော်ကို သူတို့၏ တော်ဝင်နန်းတော်အဖြစ် ယူဆောင်၍၊ ယင်းသည် သူတို့ကို ခရစ်တော်၌ မြင်ခြင်းခံရန်နှင့်၊ ကိုယ်တော်သည် သူတို့၏ အတွင်းကျကျ ဖြောင့်မတ်ခြင်းဖြစ်လာရန်အတွက် ဖြစ်သည် - ဆာ၊၄၅း၁၃က။ ယော၊၁၅း၄က။
      b. ဤနောက်ထပ်ဝတ်ရုံဖြစ်သည့် ပန်းထိုးထားသောအဝတ်၊ သူမကို ဖုံးလွှမ်းသည့် ဒုတိယအလွှာမှာ အသင်းတော်သည် ခရစ်တော်ထံသို့ သူတို့၏ လက်ထပ်ထိမ်းမြားခြင်း၌ သန့်ရှင်းသူများ၏ ဖြောင့်မတ်ခြင်းဖြင့် ဝတ်ဆင်ခံ၍ ဦးဆောင်ခံရမည်ဖြစ်ကြောင်း၊ ယင်းသည် သူတို့၏ထိမ်းမြားခြင်းအတွက် ခရစ်တော်၏ တောင်းဆိုချက်ကို ပြည့်မီစေခြင်းအတွက်ဖြစ်ကြောင်း ပုံဆောင်သည် - ဗျာ၊၁၉း၈။
      c. ပန်းထိုးခြင်းဖြင့် ရက်လုပ်ထားသော အဝတ်သည် အတွင်းကျကျဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ အကျင့်စာရိတ္တအထဲသို့ ရက်လုပ်ခံရခြင်း၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ပန်းထိုးရက်လုပ်ခြင်းဖြင့် ကျွန်ုပ်တို့၏ရှင်ထွက်သော ဖြောင့်မတ်ခြင်းဖြစ်လာသည်။
      d. ဤပန်းထိုးခြင်းအလုပ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်း အလုပ်ကို ပုံဆောင်ကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏မင်္ဂလာဆောင်ဝတ်ရုံဖြစ်ရန် ခရစ်တော်ကို ကျွန်ုပ်တို့အထဲသို့ တစ်စပြီးတစ်စ ချုပ်သီခြင်းအား တစ်နေ့ပြီးတစ်နေ့ လုပ်ဆောင်နေသည်။
      e. ကျဆင်းသွားသည့် ပြန်လည်ရယူခံရသော အသင်းတော်သည် သူမ၏ ဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်ကို အသက်ရှင်ရန် အဖိုးအခပေးဖို့ လိုအပ်သည်၊ သို့မှသာ သူမသည် ဘုရားသခင်အတည်ပြုသော အပြုအမူအဖြစ် ခရစ်တော်ဖြင့် ဝတ်ခြုံခြင်းခံရနိုင်မည်ဖြစ်သည် - ၃း၁၈။

## III. "ထိုမျှမက သခင်ဘုရားသည် ... ငါ့ကို မိမိကောင်းကင်နိုင်ငံတော်အထဲသို့ ကယ်တင်တော်မူလိမ့်မည်" - ၂တိ၊၄း၁၈။

A. ဖြောင့်မတ်ခြင်း၏ သရုပ်နှင့် ညီမျှသော ကောင်းကင်ဆိုင်ရာနိုင်ငံတော်သည် "သူတို့အဖ၏ နိုင်ငံတော်" (မ၊၁၃း၄၃)၊ "ငါ့ခမည်းတော်၏နိုင်ငံတော်" (၂၆း၂၉)၊ "ခရစ်တော်နှင့် ဘုရားသခင်၏နိုင်ငံတော်" (ဧ၊၅း၅) နှင့် "ငါတို့သခင်နှင့် ကယ်တင်ရှင်

ယေရှုခရစ်၏ ထာဝရနိုင်ငံတော်" (၂ပေ၊၁း၁၁) ဖြစ်၍၊ ၎င်းသည် အောင်မြင်သော သန့်ရှင်းသူများထံ ဆုလာဘ်ဖြစ်လိမ့်မည် (ဗျာ၊၂၀း၄)။

B. အောင်မြင်သော ယုံကြည်သူများသည် ကောင်းကင်ဆိုင်ရာနိုင်ငံတော်၊ ကောင်းကင်များ၏နိုင်ငံတော် ထင်ရှားပေါ်ထွန်းခြင်း၌ ပါဝင်ဆက်ဆံရလိမ့်မည်ဖြစ်သည် - မ၊၇း၂၁။

1. "ဖြောင့်မတ်ခြင်း"အဖြစ် နိုင်ငံတော်၏သားများဖြစ်သော အောင်မြင်သောသူများသည် မိမိတို့အဖ၏ နိုင်ငံတော်၌ နေကဲ့သို့ ထွန်းလင်းကြလိမ့်မည်ဖြစ်သည် - ၁၃း၄၃။
2. ကောင်းကင်ဆိုင်ရာနိုင်ငံတော်၌ အောင်မြင်သောသူများသည် သူတို့၏သခင်ဘုရားနှင့်အတူ ပဋိညာဉ်တရားသစ်၏ ခွက်ကို အသစ်တစ်ဖန် သောက်ရကြလိမ့်မည်ဖြစ်သည် - ၂၆း၂၉။
3. သူတို့အဖ၏နိုင်ငံတော်၌ အောင်မြင်သောယုံကြည်သူများသည် ဓမ္မဟောင်းအောင်မြင်သောသူများနှင့်အတူ ပွဲခံကြရလိမ့်မည်ဖြစ်သည် - ၈း၁၁။
4. အောင်မြင်သောသူများအဖို့ ကောင်းကင်ဆိုင်ရာနိုင်ငံတော်သည် ဝမ်းမြောက်ရွှင်လန်းဖွယ် အမွေဖြစ်လိမ့်မည်ဖြစ်သည် - ၁ကော၊၆း၉-၁၀။
5. ကောင်းကင်ဆိုင်ရာနိုင်ငံတော်၌ အောင်မြင်သောသူများသည် ထာဝရအသက်ကို အမွေခံလိမ့်မည်ဖြစ်ကာ၊ ထိုသို့ဖြင့် ဘုရားဆိုင်ရာအသက်၏ ပို၍ကြွယ်ဝသော မွေ့လျော်ဝမ်းမြောက်မှု ရရှိကြလိမ့်မည်ဖြစ်သည် - လု၊၁၈း၂၉-၃၀။
6. ကောင်းကင်ဆိုင်ရာနိုင်ငံတော်၌ အောင်မြင်သောသူများသည် သခင်ဘုရား၏ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ရကြမည်ဖြစ်ကာ၊ ထိုသို့ဖြင့် သူတို့၏စိတ်ကို အမြတ်ရရှိပြီး၊ သူတို့၏စိတ်ကို ကယ်ဆယ်ကာ၊ သူတို့၏စိတ်ကယ်တင်ခြင်းကို မွေ့လျော်ဝမ်းမြောက်ကြလိမ့်မည်ဖြစ်သည် - မ၊၁၀း၃၉။ ၁၆း၂၅-၂၆။ ၂၅း၂၁၊ ၂၃။ လု၊၉း၂၄။ ဟေဗြဲ၊၁၀း၃၉။ ၁ပေ၊၁း၅၊ ၉။
7. ကောင်းကင်ဆိုင်ရာနိုင်ငံတော်၌ အောင်မြင်သော ယုံကြည်သူများသည် ခရစ်တော်နှင့်အတူ စိုးစံကြမည်ဖြစ်ကာ၊ လူမျိုးတို့အပေါ်မှာ အုပ်စိုးကြရလိမ့်မည်ဖြစ်သည် - ဗျာ၊၂၀း၄။ ၂း၂၆-၂၇။

© 2024 Living Stream Ministry